
စိတ်ကူးချိုချိုအနုပညာ

# SPOKEN ENGLISH for IELTS

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)




mgyoe.com

mgyoe.com

# SPOKEN ENGLISH for IELTS

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)



MMM0014
1,800.00 KS

mgyoe.com

mgyoe.com

**SPOKEN ENGLISH FOR IELTS**
မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၁ ၂၄၉ ၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၁ ၃၄၇ ၀၂၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာစာစီ | - | အီးဂဲလ် |
| လက်ခွဲပလင် | - | အောင်ဇေကျော် |
| စာအုပ်ချုပ် | - | ကိုမြင့်၊ ညီဝင်းမြင့် |

၄၂၅
မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
SPOKEN ENGLISH FOR IELTS /
မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၁၂၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) SPOKEN ENGLISH FOR IELTS

၂၀၁၂ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၈၀၀ ကျပ်

mgyoe.com

mgyoe.com

## စာရေးသူ၏အမှာ

မျက်မှောက်ကာလမှာ နိုင်ငံတကာပညာရေးအဆင့်မီစေရန် အရေးပါတဲ့ 4 Skills English(Speaking, Reading, Listening, Writing)Test ကို နိုင်ငံတကာ ကောလိပ်တက္ကသိုလ်များတွင် ပညာသင်ကြားလိုသူများ၊ နိုင်ငံခြား ပညာသင်ရွေးချယ်ခံရသူများအတွက် ကျင့်သုံးနေပါတယ်။ ထူးခြားတာက IELTS Testက သတ်မှတ်ထားတဲ့ အချိန်အကန့်အသတ်အတွင်းမှာ ဘယ်အတိုင်းအတာအထိ ဖြေဆိုနိုင်သလဲဆိုပြီး Bandအမှတ် သတ်မှတ်ပေးခြင်းဖြစ်ပါတယ်။ British Councilမှ လစဉ်စာမေးပွဲအချိန်ဇယား ထုတ်ပြန်ထားတာမို့ ဖြေဆိုသူတွေအတွက် အဆင်ပြေတာတွေ့ရပါတယ်။ Band ကောင်းကောင်း လိုချင်တဲ့သူတွေအတွက် အမှတ်နည်းရင် ထပ်မံဖြေဆိုလို့ရတဲ့ Test တစ်ခုဖြစ်တာမို့ ကိုယ့်ရဲ့အင်္ဂလိပ်စာစွမ်းရည် 4 Skillsဘယ် လောက်ရှိသလဲဆိုတာ သိရှိနိုင်ပါတယ်။

IELTS Speaking Testမှာ Part I(Introduction and Interview)(4-5 Minutes), Part II(Short Talk)(3-4 Minutes)နဲ့ Part III(Two-way discussion)(4-5 Minutes) ဆိုပြီး အပိုင်း(၃)ပိုင်း ခွဲခြားထားပါတယ်။ ဒါကြောင့် Speaking Test Interviewဟာ (၁၁)မိနစ်နဲ့ (၁၄)မိနစ်ကြား ကြာမြင့်တတ်ပါတယ်။

IELTS Testဖြေဆိုသူတွေကို PART I, IIနဲ့ IIIပေါင်းပြီး Bandအမှတ် သတ်မှတ်ပေးပါတယ်။ နိုင်ငံတကာကောလိပ်၊ တက္ကသိုလ်တွေက သတ်မှတ်ထားတဲ့ Bandရရင် တက္ကသိုလ်တွေ၊ ကောလိပ်တွေ လျှောက်လို့ ရပါတယ်။

mgyoe.com

mgyoe.com

အဲဒါကြောင့် Band ကောင်းကောင်းရလိုသူတွေဟာ မေးခွန်းပုံစံကို နားလည်ပြီး စနစ်တကျနဲ့ သွက်သွက်လက်လက်ဖြေဆိုနိုင်ဖို့ အရေးကြီးပါတယ်။

ကျွန်တော်ဟာ လက်ရှိ IELTS ကို လမ်းညွှန်သင်ကြားပေးနေသူတစ်ဦးဖြစ်ပြီး အဲဒီအတွေ့အကြုံနဲ့ ပေါင်းစပ်ပြီး ကျွန်တော် ဖတ်ရှုထားတဲ့ IELTS ရည်ညွှန်းစာအုပ်များနဲ့ အင်တာနက်မှ မေးခွန်းများ ပေါင်းစပ်ပြီး Spoken English For IELTS ဆောင်းပါးတွေကို ထူးသစ်အောင်(ကလောင်ခွဲ)နဲ့ The Light of English မဂ္ဂဇင်းမှာ လစဉ်ရေးသားခဲ့ပါတယ်။ အဲ့ဒီရေးသားမှုကို နှစ်သက်တဲ့ စာဖတ်ပရိသတ်တွေ၊ ကျောင်းသား၊ ကျောင်းသူတွေက စာအုပ်ထုတ်ဖို့ တောင်းဆိုလာတာကြောင့် ဒီဆောင်းပါးတွေကို စုစည်းပြီး ယခုလို စီစဉ်ရခြင်းဖြစ်ပါတယ်။ ဒီစာအုပ်ဟာ IELTS Speaking Test ဖြေဆိုမယ့်သူတွေအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နိုင်ဖို့ အထောက်အကူပြုမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီဆောင်းပါးတွေ လစဉ်ဖော်ပြပေးတဲ့ ဆရာဦးမြင့်ဦး(ဆုစာပေ)နဲ့ ဒီစာအုပ်ဖြစ်မြောက်ရေး စီစဉ်ပေးတဲ့ ထုတ်ဝေသူကိုလည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုပါတယ်။ ဒီစာအုပ်နဲ့ပတ်သက်လို့ ဝေဖန် အကြံပေးချက်များ ရှိပါလျှင် အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါတယ်။

စေတနာအနန္တဖြင့်

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

B.E(Chemical), MPA, Dip(IR),

Diploma(Text-Tech)(U.K)

အမှတ်(၁၅၀/ B)ဗားကရာလမ်း၊ ပန်းခြံလမ်းထောင့်၊

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၈၇၄၇၉၊ ၅၀၅၃၁၈။

mgyoe.com

mgyoe.com

(နိဒါန်း)

ကနေ့ခေတ်မှာ IELTS ဟာ နိုင်ငံတကာပညာရေး တက်လှမ်းဖို့ အရေးကြီးပြီး ပေါ်ပြူလာဖြစ်တဲ့ စမ်းသပ်မှုတစ်ရပ်ဖြစ်လာတယ်။ IELTS မှာ Speaking, Listening, Reading နဲ့ Writing ဆိုတဲ့ 4 SKILLS ကို အချိန်သတ်မှတ်ချက်နဲ့ မေးမြန်းတာ ဖြစ်ပါတယ်။

တကယ်တော့ IELTS Speaking Test ဟာ တစ်ဦးနဲ့တစ်ဦး မေးမြန်းတဲ့ One-to-One Interview ပုံစံဖြစ်ပါတယ်။ Speaking Test မှာ အပိုင်းသုံးပိုင်း ရှိပါတယ်။ သင့်ရဲ့ Spoken English Skills ကို စမ်းသပ်ဖို့ Test ပြုလုပ်တာ ဖြစ်ပါတယ်။ အကြောင်းအရာ(Topic)များစွာကို အခြေခံပြီး မေးမြန်းလေ့ရှိပါတယ်။ Speaking Test အင်တာဗျူးက ၁၁ မိနစ်နဲ့ ၁၄ မိနစ်ကြား ကြာမြင့်ပါတယ်။

## ➔ Part-1(Introduction and Interview) (4-5 Minutes)

ဒီအပိုင်းမှာ အကျွမ်းတဝင်ရှိတဲ့ အကြောင်းအရာတွေ (Familiar Topics) တွေ မေးလေ့ရှိပါတယ်။ တဲ့တိုးမေးခွန်းတွေကို တိုက်ရိုက်မေးလေ့ရှိပါတယ်။ ဖြေဆိုရလွယ်ကူတဲ့ မေးခွန်းတွေ ဖြစ်တာကြောင့် သင့်ရဲ့အခြေခံအပြော တတ်မြောက်ကျွမ်းကျင်မှု(Basic Fluency)ကို ပြသဖို့ အခွင့်အရေးရပါတယ်။

mgyoe.com

## ➔ Part-2(Short Talk) (3-4 Minutes)

စာစစ်သူ(Examiner)က ရွေးချယ်ထားတဲ့ အကြောင်းအရာ(Topic) တစ်ခုကို ၁ မိနစ် (သို့) ၂ မိနစ်ကြာ ပြောကြားဖြေဆိုရမှာ ဖြစ်လို့ Short Talk လို့ ခေါ်ပါတယ်။

သင့်အနေနဲ့ ပြင်ဆင်ချိန် တစ်မိနစ် ရရှိပါတယ်။ ပြီးတော့ ရပ်နားခြင်း မရှိဘဲ အဲဒီမေးမြန်းတဲ့ Topic ကို ပြောဆိုရမှာ ဖြစ်ပါတယ်။ ဒီ Topic က သင့်ရဲ့ ကိုယ်ရေးအတွေ့အကြုံတွေနဲ့ ခံစားမှုတွေ(Personal experiences and feelings)ပေါ်မှာ အခြေခံပါတယ်။ အဲဒါကြောင့် သင့်ရဲ့ ပြောဆိုမှုဟာ အသက်ဝင်ပြီး စိတ်ဝင်စားဖွယ် ကောင်းသင့်ပါတယ်။

## ➔ Part-3(Two-way discussion) (4-5 Minutes)

သည်အပိုင်းမှာ Part(2) မှာ မိတ်ဆက်ထားတဲ့ အကြောင်းအရာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်ထားတဲ့ စိတ္တဇဆန်တဲ့ မေးခွန်းတွေ(Abstract questions)ကို မေးမြန်းလေ့ရှိပါတယ်။ ဆွေးနွေးပြောဆိုရတဲ့ မေးခွန်းတွေ မေးလေ့ရှိပါတယ်။ ဒီနေရာမှာ သင့်အနေနဲ့ Control of Language ကို ပြသနိုင်ဖို့ လိုအပ်ပါတယ်။ သင့် အိုင်ဒီယာတွေ ပြောပြနိုင်တဲ့စွမ်းရည်လည်း ရှိရပါမယ်။ သင့်ထင်မြင်ချက်တွေကိုလည်း အထောက်အကူပြု ပြောဆိုတတ်ရပါမယ်။ Part-1 မေးခွန်းဖြေဆိုတာထက် ပိုမိုရှည်လျားတဲ့ တုံ့ပြန်မှုတွေ ပြောဆိုတတ်ဖို့ အရေးကြီးပါတယ်။ ဒီအပိုင်းဟာ အခက်ခဲဆုံးဖြစ်ပြီး အပြန်အလှန် ဆွေးနွေးပြောဆိုမှု သဘောသက်ရောက်ပါတယ်။

Band Score : 1 to 9
(သင့်ရဲ့ ဖြေဆိုမှုအပေါ် မူတည်ပြီး Band Score 1 to 9 ကြား အမှတ်ပေးလေ့ရှိပါတယ်။)

mgyoe.com

mgyoe.com

## ➔ The Candidate's Role

ပြောဆိုသူရဲ့ အခန်းကဏ္ဍ

သင့်ကို ဘာမေးသလဲဆိုတာ သေသေချာချာ နားထောင်ဖို့ အရေးကြီးပါတယ်။ မေးခွန်းကို ပြည့်စုံပြီး ကျယ်ပြန့်တဲ့ အဖြေမျိုး(full and extended answers)ဖြေနိုင်အောင် ကြိုးစားပါ။

## ➔ Assessment Criteria

(ဝင်ခွင့် လက်ခံမှုဆိုင်ရာ မှတ်ကျောက်(စံ))

သင့်ရဲ့ Speaking Test ကာလအတွင်း Examiner က အာရုံစူးစိုက်မယ့် နယ်ပယ်ကို Assessment Criteria လို့ ခေါ်ပါတယ်။

အဲဒီအတွက် Assessment Criteria နယ်ပယ်(၄)ခုရှိပါတယ်။

| Sr. No. | Assessment Criteria (လက်ခံမှုဆိုင်ရာ စံသတ်မှတ်ချက်) | Skills and Strategies (ကျွမ်းကျင်မှုများနှင့် မဟာဗျူဟာများ) |
|---|---|---|
| 1. | Fluency (တတ်မြောက်ကျွမ်းကျင်မှု) | A, C, H, J |
| 2. | Vocabulary(ဝေါဟာရ) | B, I, L, P, Q |
| 3. | Grammar and Accuracy | D, E, K, M, R |
| 4. | Pronunciation (အသံထွက်) | F, G, N, O |

## ➔ Skills and Strategies

(ကျွမ်းကျင်မှုများနှင့် မဟာဗျူဟာများ)

A. Use linking words
(အချိတ်အဆက်စကားလုံးများ အသုံးပြုပါ။)

B. Choose appropriate words
(သင့်တော်သော စကားလုံးများ ရွေးချယ်ပါ)

C. Correct yourself
(သင်ကိုယ်တိုင် အမှားပြင်ပါ)

mgyoe.com

mgyoe.com

D. Use articles correctly
(Articles များဖြစ်သော a, an, the ကို မှန်ကန်စွာ အသုံးပြုပါ)

E. Use the right tense
(မှန်ကန်သောကာလကို အသုံးပြုပါ)

F. Emphasise words to convey meaning
(အဓိပ္ပာယ်ဖော်ဆောင်ရန် စကားလုံးများကို အာရုံစိုက်ပါ)

G Get the stress right on long words
(ရှည်လျားတဲ့ စကားလုံးတွေမှာ ဖိသံကို မှန်မှန်ကန်ကန် အသုံးပြုပါ)

H. Be able to keep going and talk on the topic
(အကြောင်းအရာနဲ့ ပတ်သက်လို့ ဆက်တိုက်ပြောနိုင်ပါစေ)

I. Find a way to say something when you don't have the right word.
(သင့်မှာ စကားလုံးအမှန် မရှိတဲ့အခါ တစ်စုံတစ်ရာကို ပြောဖို့ နည်းလမ်းတစ်ခုရှာပါ)

J. Be able to join your ideas
(သင့် အိုင်ဒီယာအတွေးတွေကို ဆက်သွယ်နိုင်ပါစေ)

K. Use complex spoken sentences
(Complex အပြောဝါကျများ အသုံးပြုပါ)

L. Use a variety of words and expressions
(စကားလုံးများနှင့် expressions (စကားအသုံးအနှုန်း)အမျိုးမျိုးကို အသုံးပြုပါ)

M. Get the word order right.
(စကားလုံးအစီအစဉ် မှန်ကန်ပါစေ)

N. Speak clearly
(ရှင်းရှင်းလင်းလင်း ပြောဆိုပါ)

O. Produce sounds so that they can be understood
(အသံထွက်ပါ။ ဒါမှ ယင်းအသံတွေကို နားလည်နိုင်မယ်)

P. Choose words that go well together
(အတူတကွ သုံးလို့ရတဲ့ စကားလုံးတွေ ရွေးချယ်ပါ)

mgyoe.com

mgyoe.com

Q. Use idiomatic language
(အီဒီယမ် ဘာသာစကားကို အသုံးပြုပါ)

R. Use conditionals correctly
(အခြေအနေပြ conditionals တွေကို မှန်ကန်စွာ သုံးပါ)

IELTS Speaking Test ဖြေဆိုဖို့ သိထားသင့်တဲ့ အခြေခံအချက်တွေနဲ့ မေးခွန်းပုံစံ၊ အမှတ်အနေအထား၊ စံသတ်မှတ်ချက်နဲ့ ဖြေဆိုသူမှာ ရှိရမယ့် ကျွမ်းကျင်မှုများနဲ့ မဟာဗျူဟာတွေကို တင်ပြခဲ့ပါတယ်။ ရှေ့လမှာ Speaking Test 1 နဲ့ပတ်သက်တာတွေ တင်ပြသွားမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

သည်လ တင်ပြချင်တာကတော့ **Speaking Test(1)** နဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်ရေး မေးခွန်းတွေကို တုံ့ပြန်ခြင်း(Responding to Personal Questions) ပဲ ဖြစ်ပါတယ်။

Part-1 Test က (၄)မိနစ်က (၅)မိနစ် ကြာပါတယ်။ Part-1 မှာ သင့်နာမည် မေးပြီးနောက် စာမေးပွဲ စစ်သူ(examiner)က သင့်ကို ကွဲပြား ခြားနားတဲ့ အကြောင်းအရာတွေကို မေးခွန်းများစွာ မေးလေ့ရှိတယ်။ အဲဒီ အကြောင်းအရာတွေထဲမှာ သင့်ရဲ့ စိတ်ဝင်စားမှုတွေ၊ လေ့လာထားမှုတွေ၊ လုပ်ငန်းခွင်ဘဝ၊ မိသားစု၊ နေရေး ထိုင်ရေး စတာတွေ ပါလေ့ရှိတယ်။ သင့်အနေနဲ့ ရှင်းလင်းတဲ့ တုံ့ပြန်မှုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။

## ➔ Familiar Topics

Part-1 မေးခွန်းတွေက နေ့တိုင်း သင် တွေ့ကြုံနေတာနဲ့ စပ်လျဉ်းတဲ့၊ အကျွမ်းတဝင် ဖြစ်နေတဲ့ အကြောင်းအရာတွေ(Familiar Topic)ဖြစ်တယ်။

**e.g**

(1) Home town and family (နေထိုင်ရာ မြို့နဲ့ မိသားစု)

(2) Hobbies (ဝါသနာများ)

(3) Favourites Food (နှစ်ခြိုက်တဲ့ အစားအစာ)

(4) Languages Spoken (ပြောဆိုတဲ့ ဘာသာစကားများ)

## ➔ နမူနာမေးခွန်းများ

(1) Where do you live?

mgyoe.com

mgyoe.com

(2) How many languages **can** you speak?

(3) **What are** your hobbies?

အထက်ပါမေးခွန်းတွေကို ဖြေဆိုတဲ့အခါ Simple Present Tenseကို အသုံးပြုပါ။

နောက်ထပ် Part-1 မှာ မေးနိုင်တာကတော့ သင့်ရဲ့ အတိတ်ကာလ Past နဲ့ ပတ်သက်တဲ့ မေးခွန်းတွေပဲ ဖြစ်ပါတယ်။

**e.g**

(1) First house (or) apartment (ပထမအိမ်၊ သို့မဟုတ် တိုက်ခန်း)

(2) A friend from primary school (မူလတန်းမှ သူငယ်ချင်းတစ်ဦး)

(3) Entertainment (ဖျော်ဖြေရေး)

(4) Past holidays/ travel (အတိတ်ကာလ အားလပ်ရက်များ/ ခရီးသွားခြင်း)

➔ နမူနာမေးခွန်းများ

(1) What **was** your favourite TV programme when you **were** young?

မင်း ငယ်ငယ်တုန်းက မင်းရဲ့အနှစ်ခြိုက်ဆုံးတီဗီအစီအစဉ်က ဘာလဲ။

(2) **Did** you **live** in a house or an apartment when you **were growing up?**

သင် ကြီးပြင်းလာခဲ့တဲ့အခါ အိမ်မှာ (သို့မဟုတ်) တိုက်ခန်းမှာ နေထိုင်ခဲ့ပါသလား။

## ➔ Expanding your answers

သင့်အဖြေများကို တိုးချဲ့ခြင်း

သင့်အဖြေတွေကို သဘာဝကျကျ ဖြေဆိုတဲ့အခါ Full answer ဖြေဆိုဖို့ အရေးကြီးပါတယ်။ Full answer ဆိုတာက ပြည့်စုံတဲ့ အဖြေဖြစ်ပါတယ်။

**e.g**

(1) What **did** you **do last weekend?**

လွန်ခဲ့တဲ့ စနေ၊ တနင်္ဂနွေက ခင်ဗျား ဘာလုပ်ခဲ့သလဲ။

ကဲ ... ဒီမေးခွန်းရဲ့ Full answer ကတော့

mgyoe.com

mgyoe.com

I went to an internet cafe **on Saturday** to check my e-mails. It's near my house and only costs 400 kyats an hour. I had lots of messages from my friends.

မေးခွန်းမှာ last weekend မေးထားလို့ on Saturday နဲ့ ဖြေဆိုတဲ့ ချိတ်ဆက်တတ်မှု လိုအပ်ပါတယ်။ မေးခွန်းပါ စကားလုံးတွေကို ထပ်ခါ ထပ်ခါ သုံးဖို့ မလိုပါဘူး။

(2) What important things did you do **last year?**
လွန်ခဲ့တဲ့ နှစ်က အရေးကြီးတဲ့ ဘယ်အရာတွေ သင် ပြုလုပ်ခဲ့သလဲ။
သည်မေးခွန်း ဖြေဆိုတဲ့အခါ opening expressions တွေ အသုံးပြုတတ်ဖို့ အရေးကြီးပါတယ်။ အဲဒါနဲ့ စဖွင့်ပြီး ပြောတတ်ဖို့ လိုအပ်ပါတယ်။

## ➔ Opening Expressions

(1) One of the most important things I did was to...
(2) I did a number of important things such as ...
(3) Last year was an important year because I ...
(4) Of all things I did...

## ➔ Vocabulary(ဝေါဟာရ)

Speaking Part-1 ဖြေဆိုတဲ့အခါ Topic (အကြောင်းအရာ)နဲ့ ဆက်နွယ်တဲ့ word အမျိုးအစားတွေ အသုံးပြုဖို့ လိုအပ်ပါတယ်။

(1) What **kind of music** do you **like?**
ဘယ်လို တေးဂီတ အမျိုးအစားကို သင် ကြိုက်သလဲ။
မေးခွန်းပါ key words ကတော့ kind of music နဲ့ like ဖြစ်ပါတယ်။
အဲဒီမေးခွန်းကို Vocabulary နဲ့ အနှစ်ပြည့်ဝတဲ့ အဖြေမျိုး ပြောနိုင်အောင် ကြိုးစားပါ။ ကဲ... အောက်ပါ နမူနာ အဖြေကို လေ့လာကြည့်ပါ။

Well ... I really like **rock music** and these days you can download a lot of good songs from the **internet**. And that's great!

mgyoe.com

mgyoe.com

အင်း ... ကျွန်တော်ကတော့ ရော့ခ် တေးဂီတကို အမှန်တကယ် နှစ်သက်ပါတယ်။ ပြီးတော့ ဒီနေ့ခေတ်မှာ သင့်အနေနဲ့ အင်တာနက်မှ သီချင်းကောင်း အတော်များများကို download လုပ်ပြီး ရနိုင်ပါတယ်။ ပြီးတော့ ဒါဟာ သိပ်ကောင်းတယ်။

အထက်ပါ Response တုံ့ပြန် အဖြေမှာ ပါရှိတဲ့ လိုင်းတားထားတဲ့ Vocabulary တွေကတော့ Topic Vocabulary(အကြောင်းအရာပြ ဝေါဟာရ) တွေ ဖြစ်ပြီး Topic နဲ့ ဆက်စပ်တဲ့ တိကျတဲ့ ဝေါဟာရ အမျိုးမျိုး ဖန်တီးပြောဆိုတတ်ဖို့ လိုပါတယ်။

အထက်ပါ Response မှာ–

Really like - to emphasise how much
(ဘယ်လောက်များများ အာရုံစိုက်ရန်)

these days - to compare with the past
(အတိတ်ကာလနဲ့ နှိုင်းယှဉ်ရန်)

(2) What is the **best way** to **learn** how to use a **new mobile phone?**

မိုဘိုင်းဖုန်းအသစ် ဘယ်လို အသုံးပြုရမလဲ ဆိုတာ လေ့လာဖို့ အကောင်းဆုံး နည်းလမ်းက ဘာလဲ။

လိုင်းတားထားတဲ့ စကားလုံးတွေက key words တွေ ဖြစ်တယ်။

ကဲ... အဲဒါရဲ့ Full answer ကတော့

I suppose you could read the **instruction manual,** but I think it's **better to get your friends to help you.**

သင့်အနေနဲ့ လမ်းညွှန်စာအုပ်ကို ဖတ်နိုင်တယ်လို့ ကျွန်တော် ယူဆတယ်။ ဒါပေမဲ့ သင့်သူငယ်ချင်းတွေက သင့်ကို ကူညီရင်လည်း ပိုကောင်းတယ်လို့ ကျွန်တော် ထင်တယ်။

ကဲ ... Speaking Part-1 ရဲ့ မေးခွန်းသဘောနဲ့ ဖြေဆိုနည်းတွေတော့ တီးမိခေါက်မိပြီလို့ ယူဆပါတယ်။



mgyoe.com

mgyoe.com

**IELTS Speaking Test** မှာ အမှတ်ကောင်းကောင်း ရရှိတဲ့သူတွေဟာ Fluency ကောင်းကောင်းနဲ့ ပြောဆိုနိုင်သူတွေ ဖြစ်ကြပါတယ်။ သည်လိုဆိုရင် Fluency ဆိုတာ ဘာလဲ။

စကားပြောဆိုရာမှာ Fluency နဲ့ ပြောနိုင်တယ်ဆိုတာ သင့်ရဲ့ အိုင်ဒီယာတွေကို ချိတ်ဆက်ခြင်း(Linking your ideas)ဖြင့် ပြောဆိုနိုင်တဲ့ စွမ်းရည်လို့ ဆိုနိုင်ပါတယ်။ Fluency ဖြစ်လာဖို့ နှောင့်နှေး တွန့်ဆုတ်နေတာတွေ၊ ထပ်ခါ ထပ်ခါ ပြောဆိုတာတွေ မရှိဖို့ လိုပါတယ်။ Fluency ကောင်းမှ Examiner က သင့် အဖြေတွေကို စိတ်ဝင်စားမှာ ဖြစ်ပါတယ်။

## Fluency : Linking Ideas

### အိုင်ဒီယာများ ချိတ်ဆက်ခြင်း

Do you have any brothers or sisters? (မင်းမှာ အစ်ကိုတွေ (သို့) အစ်မတွေ ရှိပါသလား)လို့ မေးခဲ့ရင် I have one brother. My brother is studying economics. He is older than me. He is at University. စတဲ့ Idea တွေကို ချိတ်ဆက်ပြီး Cohesive answer(ရှင်းရှင်းလင်းလင်း အကျိုးအကြောင်းသင့်အဖြေ)ကို သဘာဝကျကျ ပြောဆိုတတ်ဖို့ လိုပါတယ်။

အဲဒီ Idea တွေကို ချိတ်ဆက်လိုက်ရင်–

I have an older brother who is studying economics at University.

ကျွန်တော့်မှာ တက္ကသိုလ်မှာ ဘောဂဗေဒဘာသာရပ် သင်ကြားနေတဲ့ အစ်ကိုကြီးတစ်ယောက် ရှိပါတယ်။

mgyoe.com

mgyoe.com

ဒါဟာ Fluency နဲ့ ပြောဆိုတဲ့ cohesive answer ပဲဖြစ်ပါတယ်။

ကဲ – Speaking Part 1 မှာ မေးလေ့ရှိတဲ့ မေးခွန်းအချို့ကို Fluency ကျကျ ဖြေဆိုကြည့်ကြရအောင်။

(1) **Are you interested in football.**

မင်း ဘောလုံးကို စိတ်ဝင်စားပါသလား

No, I'm not, **and in fact**, I'm not very interested in any kind of **sport**. I'm afraid.

ကျွန်တော် စိတ်မဝင်စားပါဘူးခင်ဗျာ။ ပြီးတော့လည်း တကယ်တော့ ကျွန်တော်ဟာ ဘယ်အားကစားကိုမှ တကယ့်ကို စိတ်မဝင်စားတာပါ။

ဒီနေရာမှာ football နဲ့ sport ဟာ အကြောင်းအရာပြဝေါဟာရ(Topic Vocabulary)ဖြစ်ပါတယ်။ and in fact ကတော့ ချိတ်ဆက် စကားလုံးတွေ (linking words)ဖြစ်ပြီး သင်ပြောမယ့် အိုင်ဒီယာကို grammar နည်းကျကျ ချိတ်ပေးတဲ့ သဘောပါ။

(2) Are you a good cook?

မင်းဟာ အချက်အပြုတ် ကောင်းသူ တစ်ဦးလား။

Well, I enjoy trying out new recipes, especially when friends come round for dinner.

အင်း... ကျွန်မကတော့ ချက်ပြုတ်နည်း ဖော်မြူလာအသစ်တွေနဲ့ ကြိုးစား ချက်ပြုတ်နေရတာ ပျော်ရွှင်ပါတယ်။ အထူးသဖြင့် ညစာအတွက် သူငယ်ချင်းတွေ လာကြတဲ့ အခါမျိုးပေါ့။

(3) Have you learned any languages other than English?

အင်္ဂလိပ်ဘာသာစကားအပြင် အခြား ဘာသာစကားတစ်ခုခု မင်း လေ့လာပြီးပြီလား။

Yes, I have. Although, I studied Chinese at a training centre, I don't remember very much now and I can't speak it very well.

ဟုတ်ကဲ့။ ကျွန်တော် လေ့လာခဲ့ပြီးပါပြီ။ သင်တန်းဌာနတစ်ခုမှာ တရုတ်ဘာသာစကား ကျွန်တော် သင်ယူခဲ့ပေမယ့် အခုတော့ ကျွန်တော် သိပ်သတိမရတော့ပါဘူး။ ပြီးတော့ အဲဒါကို ကောင်းကောင်း မပြောတတ်ပါဘူး။

mgyoe.com

(4) Where do you come from?

မင်း ဘယ်နေရာက လာသလဲ။

I'm from a small village in Shan State, which is a long way fron Yangon.

ကျွန်မကတော့ ရန်ကုန်မြို့မှ အတော်ဝေးတဲ့ ရှမ်းပြည်နယ်ရှိ ကျေးရွာငယ်လေးတစ်ခုမှ လာပါတယ်။

(5) Are birthdays important event in your country?

မွေးနေ့တွေဟာ မင်းနိုင်ငံမှာ အရေးကြီးတဲ့ ပွဲလား။

Yes, they are, and we usually share a cake or give a card or present or something like that.

ဟုတ်ကဲ့၊ အဲဒါတွေက အရေးကြီးပါတယ်။ ပြီးတော့ ကျွန်တော်တို့ များသောအားဖြင့် ကိတ်မုန့်ကို ဝေမျှစားကြတယ်။ ဒါမှမဟုတ် ကဒ်ပြား တစ်ခု (သို့) လက်ဆောင်တစ်ခု ပေးကြတယ်။ အဲဒီလိုမျိုး တစ်စုံတစ်ရာပေါ့။

(6) Do you like travelling by plane?

လေယာဉ်နဲ့ခရီးသွားရတာ မင်း နှစ်သက်သလား။

Yes, I do, except that waiting around at airports can be pretty boring.

ဟုတ်ကဲ့၊ နှစ်သက်ပါတယ်။ လေဆိပ်တွေမှာ စောင့်ရတာက အလွန်ပျင်းစရာကောင်းတာက လွဲရင်ပေါ့လေ။

## Linking words or phrases

### အချိတ်အဆက်စကားလုံးများ (သို့) စကားစုများ

Speaking Part 1 မှာ linking words (or) phrases တွေကို သုံးတတ်ဖို့ အရေးကြီးပါတယ်။ အောက်ပါ Examiner နဲ့ student အဖြေတွေကို လေ့လာကြည့်ပါ။

(1) Where do you usually go shopping for food?

အစားအစာအတွက် များသောအားဖြင့် ဘယ်နေရာကို မင်း ဈေးဝယ်ထွက်သလဲ။

mgyoe.com

mgyoe.com

I tend to go to the supermarket because it's very convenient and you can find everything you want there.

ကျွန်မကတော့ စူပါမားကက်တွေကို သွားဖို့ ရည်ရွယ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီနေရာက အလွန်အဆင်ပြေပြီး သင့်အနေနဲ့ အဲဒီမှာ သင် အလိုရှိတဲ့ အရာရာတိုင်းကို တွေ့နိုင်လို့ပါ။

ဒီအဖြေမှာ ပါရှိတဲ့ because နဲ့ and ဟာ linking words တွေ ဖြစ်ပါတယ်။

(2) Do you think large department stores are better than market?

ကုန်တိုက်ကြီးတွေဟာ ဈေးတွေထက် ပိုကောင်းတယ်လို့ မင်း ထင်သလား။

No, actually I prefer the markets. They're much more colourful and things are a lot cheaper there, which is good if you don't have much money.

မထင်ပါဘူး။ အမှန်မတော့ ကျွန်တော်က ဈေးတွေကို ပိုကြိုက်ပါတယ်။ ဈေးတွေက ပိုမို အရောင်အသွေးစုံပြီး ပစ္စည်းတွေက အဲဒီမှာ အများကြီး ဈေးသက်သာတယ်။ သင့်မှာ ငွေသိပ်မရှိရင် ဈေးတွေမှာ ဝယ်ရတာ ကောင်းပါတယ်။

(3) Have the shops in your area changed since you were a child?

မင်း ကလေး ဘဝကတည်းက မင်းဒေသမှာ ဈေးဆိုင်တွေ ပြောင်းလဲခဲ့ပြီလား။

Yes, they have, especially in the city centre. When I was a child there were only small shops there but now it's totally different- there are high-rise buildings everywhere.

ဟုတ်ကဲ့။ သူတို့ ပြောင်းလဲခဲ့ပါပြီ။ အထူးသဖြင့် မြို့လယ်ခေါင်တွေမှာပါ။ ကျွန်တော် ကလေးအရွယ်တုန်းက အဲဒီမှာ ဈေးဆိုင်ငယ်တွေသာ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ အဲဒါ လုံးဝ ကွဲပြား ခြားနားသွားပါပြီ။ နေရာတိုင်းမှာ အထပ်မြင့် အဆောက်အဦတွေ ရှိနေပါပြီ။

(4) When do you prefer to go shopping for colthes?

အဝတ်အစားတွေအတွက် ဈေးဝယ်သွားဖို့ ဘယ်အချိန်ကို မင်း ပို

mgyoe.com

mgyoe.com

ကြိုက်သလဲ။

I guess the weekend's the best time. **In fact** I don't think I ever go shopping during the week - Oh, **except** when I'm on holiday.

စနေ၊ တနင်္ဂနွေဟာ အကောင်းဆုံးအချိန်လို့ ကျွန်တော် ထင်တယ်။ တကယ်တော့ သီတင်းပတ် အတောအတွင်း ကျွန်တော် အမြဲဈေးဝယ် သွားတယ်လို့ မထင်ပါဘူး။ အိုး၊ ကျွန်တော် အားလပ်ရက်ရှိတဲ့ အချိန်က လွဲရင်ပေါ့။

Speaking Test(1) ကို Fluency ကောင်းကောင်းနဲ့ အချိတ်အဆက် မိမိ ဖြေဆိုနိုင်ကြပါစေ။

mgyoe.com

mgyoe.com

**IELTS Part(1) Test** ဖြေဆိုရာမှာ Full and rounded answers (ပြည့်စုံတဲ့အဖြေ)နဲ့ တုံ့ပြန်ဖြေဆိုတတ်ဖို့ အရေးကြီးပါတယ်။ သည့်အတွက် Vocabulary (ဝေါဟာရ) အမျိုးမျိုးကို ဘယ်လို အသုံးပြုရမလဲဆိုတာ သိဖို့ လိုအပ်ပါတယ်။

mgyoe.com

mgyoe.com

# Using Vocabulary to link and expand your ideas

သင့်အိုင်ဒီယာတွေ ချိတ်ဆက် တိုးချဲ့ဖို့ဝေါဟာရအသုံးပြုခြင်း

## Speaking Part(1)

1. What is the best way to stay healthy?

ကျန်းမာဖို့ အကောင်းဆုံး နည်းလမ်းက ဘာလဲ။

I think walking is good for you, as well as watching what you eat. So, I try to take some exercise everyday and eat lots of fruit and vegetables.

လမ်းလျှောက်ခြင်းဟာ သင့်အတွက် ကောင်းမွန်ပြီး သင် ဘာစားသလဲ စောင့်ကြည့်တာကလည်း သင့်အတွက် ကောင်းမွန်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်ဟာ နေ့စဉ် လေ့ကျင့်ခန်းအချို့ ယူဖို့ ကြိုးစားပြီး သစ်သီးနဲ့ ဟင်းသီးဟင်းရွက် အတော်များများ စားပါတယ်။

2. What is your favourite time of the year?

နှစ်တစ်နှစ်မှာ မင်းရဲ့ အနှစ်ခြိုက်ဆုံးအချိန်က ဘာလဲ။

Um...that's hard to answer. I suppose like summer best of all because I love the warm weather, and I have lots of good memories of summer holidays with my family.

အမ်... အဲဒါ ဖြေဖို့ ခက်လှပါတယ်။ ကျွန်တော်ဟာ အားလုံးထဲမှာ နွေရာသီကို အကြိုက်ဆုံးလို့ ယူဆမိတယ်။ ဘာ့ကြောင့်လဲဆိုတော့

mgyoe.com

mgyoe.com

ကျွန်တော်က နွေးတဲ့ရာသီဥတုကို နှစ်သက်လို့ပါ။ ပြီးတော့ ကျွန်တော့်မှာ ကျွန်တော့်မိသားစုနဲ့ နွေရာသီ အားလပ်ရက်တွေရဲ့ ကောင်းမွန်တဲ့ အမှတ်ရဖွယ် များစွာ ရှိပါတယ်။

3. How do you feel about living in a big city?

မြို့ကြီးတစ်မြို့မှာ နေထိုင်ရတာနဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လိုခံစားရသလဲ။

At first I didn't like being in Yangon, because of the crowds, but now I'm used to it and I think it will be quite hard to go back to my quiet little village.

အစ ပထမမှာတော့ ကျွန်တော် ရန်ကုန်မြို့မှာ နေရတာ မကြိုက်ခဲ့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ လူ သိပ်ကျပ်နေလို့ပါ။ ဒါပေမဲ့ အခုတော့ ကျွန်တော်ဟာ ရန်ကုန်နဲ့ အကျွမ်းတဝင် ဖြစ်ခဲ့ပါပြီ။ ပြီးတော့ ကျွန်တော်ရဲ့ အေးချမ်းလှတဲ့ ရွာငယ်ကလေးဆီ ပြန်သွားရမှာ သိပ်ခက်ခဲလိမ့်မယ်လို့ ထင်ပါတယ်။

4. Do you prefer watching DVDs at home or going to the cinema?

မင်းအနေနဲ့ အိမ်မှာ နေပြီး DVDs ကြည့်နေရတာ ပိုကြိုက်သလား။ ဒါမှမဟုတ် ရုပ်ရှင်ရုံသွားနေရတာ ပိုကြိုက်သလား။

I prefer staying at home and watching DVDs. I'm not very keen on crowds and also, it's much cheaper than going to the movies.

ကျွန်တော်ကတော့ အိမ်မှာနေပြီး DVDs ကြည့်ရတာ ပိုကြိုက်ပါတယ်။ ကျွန်တော်က လူစုလူဝေးကို သိပ်မကြိုက်ဘူး။ ပြီးတော့လည်း DVDs ကြည့်ရတာက ရုပ်ရှင်ရုံ သွားတာထက် ပိုပြီး ငွေကုန်ကြေးကျ သက်သာတယ်လေ။

5. How do people get to work in your home town?

သင် နေထိုင်ရာ မြို့မှာ အလုပ်ကို ရောက်အောင် လူတွေ ဘယ်လိုသွားကြသလဲ။

By public transport normally. Most people get to work by bus or train in Yangon. But some government offices and com-

mgyoe.com

mgyoe.com

panies arrange ferries for their employees.

ပုံမှန်အားဖြင့် အများပြည်သူ ပို့ဆောင်ရေးနဲ့ပေါ့။ လူ အတော်များများကတော့ ရန်ကုန်မြို့မှာ အလုပ်ထဲရောက်အောင် ဘတ်စ်ကား (သို့) ရထားနဲ့ သွားကြတယ်။ ဒါပေမဲ့ အချို့အစိုးရရုံးတွေနဲ့ ကုမ္ပဏီတွေက သူတို့ဝန်ထမ်းတွေအတွက် ဖယ်ရီကားတွေ စီစဉ်ပေးပါတယ်။

6. What is most important festival in your country?
မင်းတို့ နိုင်ငံမှာ အရေးကြီးဆုံး ပွဲတော်က ဘာလဲ။
Water festival namely Thingyan Festival is very important celebration. For instance, in our family we all get together to enjoy each other's company. It's a very special occasion to welcome New Year.
သင်္ကြန်ပွဲတော်လို့ အမည်ရတဲ့ ရေသဘင်ပွဲတော်က အလွန်အရေးပါတဲ့ အခမ်းအနားတစ်ခုပါပဲ။ ဥပမာ ပြောရရင် ကျွန်တော်တို့ မိသားစုမှာ ကျွန်တော်တို့ တစ်ဦးနဲ့ တစ်ဦး စုပေါင်းပြီး ပျော်ရွှင်ကြတယ်။ ဒါဟာ နှစ်သစ်ကို ကြိုဆိုဖို့ အထူးဖြစ်ရပ် တစ်ခုပါပဲ။

## ➔ Describing Habits

Part-1 မှာ Examiner က သင့်အကြောင်း သင့်ဘဝနဲ့ အလေ့အထ (habits)တွေကို မေးတတ်ပါတယ်။ သင့်အနေနဲ့ မေးခွန်းတွေ နားလည်ပြီး သင့်တော်တဲ့ အဖြေတွေ ပေးရမှာ ဖြစ်ပါတယ်။ ခပ်တိုတို ဖြေတာထက် သင့်အဖြေကို ချဲ့ထွင် ပြောဆိုတတ်ဖို့ အရေးကြီးပါတယ်။

(1) What do you like to cook?
မင်း ဘာချက်ပြုတ်ချင်သလဲ။

Nowsaday I don't actually do much cooking. I always eat in the student canteen. I hardly ever cook for myself these days. But when I was living at home, I used to help my mother with the cooking.

ယနေ့ခေတ်မှာ ကျွန်မကတော့ ချက်ပြုတ်ရခြင်းကို အမှန်တကယ် မလုပ်ဖြစ်ပါဘူး။ ကျွန်မဟာ ကျောင်းကင်တင်းမှာ အစဉ်

mgyoe.com

mgyoe.com

အမြဲ စားပါတယ်။ အခုအချိန်မှာ ကျွန်မ ကိုယ်တိုင် ချက်ပြုတ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မအိမ်မှာ နေထိုင်တဲ့အခါ ကျွန်မက ကျွန်မအမေကို ချက်ပြုတ်တာ ကူညီလေ့ရှိပါတယ်။

(2) What do you do keep fit?

ကျန်းမာရေးအတွက် ဘာလုပ်သလဲ။

Nothing special, I'm afraid. I mean, when I was younger I used to do a lot of running and things. When I was at school did a bit of sport. But to be honest, now I just don't have time.

အထူးအထွေတော့ မရှိပါဘူး။ ကျွန်တော် ဆိုလိုတာကတော့ ကျွန်တော် ငယ်ငယ်တုန်းက ပြေးတာတွေရော၊ တခြားအရာတွေပါ အတော်လုပ်ခဲ့ပါတယ်။ ကျွန်တော် ကျောင်းတက်တော့ အားကစားအနည်းငယ်ပဲ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အရိုးသားဆုံး ပြောရရင် အခုတော့ ကျွန်တော့်မှာ အချိန်မရှိပါဘူး။

IELTS Speaking Part(1)ကို ဖြေဆိုနိုင်ကြပါစေ။

ဟ

mgyoe.com

mgyoe.com

**Spoken English for IELTS** အတွက် ယခုလ တင်ပြချင်တာကတော့ Preparing your talk ဖြစ်ပါတယ်။

ပြ

mgyoe.com

mgyoe.com

## Preparing Your Talk

သင့်ပြောဆိုမှုအတွက် ပြင်ဆင်ခြင်း

**Speaking Test Part (2)** မှာ စာမေးပွဲစစ်သူ(Examiner)က ရွေးချယ်ထားသော topic(အကြောင်းအရာ)တစ်ခုအတွက် တစ်မိနစ်(သို့)နှစ်မိနစ်ကြာ short talk ပြောဖို့ သင့်ကို မေးလိမ့်မယ်။ သင်ပြောနေစဉ်မှာ Examiner က ငြိမ်သက်နေလိမ့်မယ်။ ဒါပေမဲ့ အချိန်စေ့တဲ့အခါမှာတော့ သင့် ပြောဆိုမှုကို ရပ်စေလိမ့်မယ်။

## The best use of preparation time

ပြင်ဆင်ချိန်အတွက် အကောင်းဆုံးအသုံးပြုခြင်း

ဖြေဆိုသူဟာ ဘာပြောရမလဲဆိုတာ စဉ်းစားဖို့ တစ်မိနစ် အချိန်ရပါတယ်။ သည်အချိန်မှာ အထောက်အကူပြုအချက်တွေနဲ့ သက်ဆိုင်တဲ့ ဝေါဟာရတွေ မှတ်စုထုတ်ရမှာ ဖြစ်ပါတယ်။

Part(2)ဟာ သင် အကျွမ်းတဝင်ရှိတဲ့ နယ်ပယ်(သို့)ပုဂ္ဂိုလ်ရေးဆိုင်ရာ နယ်ပယ်ပေါ် အာရုံစိုက် မေးမြန်းလေ့ရှိပါတယ်။

## Understanding the topic

Part(2)မေးနေကျ နမူနာပုံစံတစ်ခုကို လေ့လာကြည့်ပါ။

Describe a place you have lived in that you particularly liked.

You should say:

When you lived there

mgyoe.com

mgyoe.com

Who you lived with

What was most memorable about this place and explain why you liked it so much.

Part(2)ကို Individual long run လို့ ခေါ်ပြီး 3-4 minutes ကြာမြင့်ပါတယ်။ ဒီအပိုင်းမှာ ဖြေဆိုသူကို topoic တစ်ခုကို outline ပြထားပြီး မေးမြန်းပါတယ်။ ဖြေဆိုသူအနေနဲ့ တစ်မိနစ် ပြင်ဆင်ချိန်ရပြီး one to two minutes ပြောဆိုရပါမယ်။ များသောအားဖြင့် people, places နဲ့ events တွေ ဖော်ပြပြောဆိုရလေ့ ရှိပါတယ်။

## How to approach the task

### မေးခွန်းကို ချဉ်းကပ်နည်း

1. ညွှန်ကြားချက်တွေ(Instructions)အားလုံးကို သေသေချာချာ ဖတ်ပြီး key words တွေကို မှတ်စုထုတ်ပါ။ အထက်ပါမေးခွန်းမှာ Describe, place, particularly, liked တွေဟာ key words တွေဖြစ်ပါတယ်။
2. ဘယ်နေရာ(place)တွေကို သင်သွားမလဲဆိုတာ ဖော်ပြဖို့ ဆုံးဖြတ်ပါ။
3. နားထောင်သူ(listener)စိတ်ဝင်စားနိုင်ဖို့ တစ်စုံတစ်ရာကို ပြောဆိုဖို့ စဉ်းစားပါ။
4. key ideas တွေကို သင့်အတွေ့အကြုံနဲ့ ပေါင်းစပ်စဉ်းစားပါ။
5. သင်ပြောစဉ်မှာ အသုံးပြုနိုင်တဲ့ useful vocabulary နဲ့ expressions တွေကို မှတ်ထားပါ။

## Making Notes

### မှတ်စုထုတ်ခြင်း

| | | | |
|---|---|---|---|
| (1) | Where | - | Yangon student hostel |
| (2) | When | - | 2 weeks ago |
| (3) | Who with | - | other students |
| (4) | Feelings | - | very friendly place, a beautiful garden |

mgyoe.com

mgyoe.com

## A list of ways to begin your talk

### သင်ပြောဆိုမှုစတင်ရန် နည်းလမ်းများစာရင်း

(a) I'd like to talk about a place I've lived in that I particularly like.
ကျွန်တော် အထူးသဖြင့် နှစ်သက်ပြီး ကျွန်တော် နေထိုင်ခဲ့တဲ့ နေရာတစ်ခုအကြောင်း ကျွန်တော် ပြောပြချင်ပါတယ်။

(b) I've chosen to talk about.........................
(-----------------)အကြောင်းကို ပြောဆိုဖို့ ကျွန်တော် ရွေးချယ်ထားခဲ့ပါတယ်။

(c) I'm going to talk about.............................
ကျွန်တော် (---------------)အကြောင်း ပြောဆိုပါမယ်။

(d) I've lived in quite a few places, but one place I particularly liked was ............................
ကျွန်တော်ဟာ နေရာအချို့မှာ နေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် အထူးသဖြင့် နှစ်သက်ခဲ့တဲ့ နေရာတစ်နေရာကတော့ ..........................။

(e) I've really only ever lived in --------- so I'll talk about that.
(-----------)မှာ ကျွန်တော် အမှန်တကယ် နေထိုင်ခဲ့ပါတယ်။ အဲဒါကြောင့် ဒါနဲ့ ပတ်သက်လို့ ကျွန်တော် ပြောဆိုပါ့မယ်။

## Grammar : Using articles correctly

### (သဒ္ဒါ)/ Articles များကို မှန်ကန်စွာ အသုံးပြုခြင်း

(a) **Zero Article(no article)**ကို အောက်ပါ အခြေအနေတွေမှာ သုံးစရာမလိုဘဲ ဖယ်ထားလို့ရပါတယ်။

(b) **An abstract noun**(စိတ္တဇနာမ်)
**e.g Time is money.**(အချိန်ဟာ ငွေ)
Time ရှေ့မှာ a, an, the ထည့်စရာ မလိုပါ။

(c) **An uncountable noun**
ရေတွက်၍မရသောနာမ်
**e.g Sugar is sweet.** (သကြားဟာ ချိုတယ်)

mgyoe.com

mgyoe.com

Sugar ဟာ uncountable noun ဖြစ်တယ်။

(d) **A plual noun(non-specific)**

အများဆိုင်နာမ်(မတိကျ)

e.g Butterflies have wings.

လိပ်ပြာတွေမှာ တောင်ပံတွေ ရှိတယ်။

(e) **Some Abstract nouns**

time, life, health, love, beauty

အထက်ဖော်ပြပါ Abstract nouns(စိတ္တဇနာမ်တွေ)မှာ abstract sense ရှိရင် without an article သုံးရပါတယ်။

e.g **Time flies! (Abstract)**

အချိန်က ပျံသွားပြီ။

More concrete sense (ပိုမိုကျစ်လစ်တဲ့အမြင်)ကို ဖော်ပြရင်တော့ definite article (the)ကို သုံးရပါတယ်။

e.g Remember **the time** when we got lost at the zoo? (concrete)

တိရစ္ဆာန်ရုံမှာ ကျွန်တော်တို့ ဆုံးရှုံးခဲ့တဲ့ အချိန်ကို သတိရပါ။

အောက်ဖော်ပြပါ နမူနာ Part(2)မေးခွန်းကို ကြည့်ပါ။

**Describe a zoo or wildlife park you have visited that has impressed you.**

You should say:

- Where it is situated
- When you went there
- How you felt about it and explain what impressed you about it.

Notes:

Key words : Describe

Zoo, wildlife park impressed

ဒီနေရာမှာ impressed (အထင်ကြီးစေ)က သင်မြင်ခဲ့၊ လည်ပတ်ခဲ့တာကို ရှင်းလင်းတဲ့ မှတ်မိခြင်းကို ဖော်ပြပါတယ်။

မေးခွန်းကို အစိပ္ပာယ်ဖော်ရရင်...

mgyoe.com

mgyoe.com

"သင့်ကို အထင်ကြီးစေခဲ့တဲ့ သင်လည်ပတ်ခဲ့ပြီးတဲ့ တိရစ္ဆာန်ရုံတစ်ရုံ၊ (သို့)တောရိုင်းဘဝပန်းခြံတစ်ခုကို ဖော်ပြပါ"

သင်ပြောသင့်တာကတော့

- အဲဒါ ဘယ်မှာ တည်ရှိသလဲ။
- အဲဒီကို သင် ဘယ်တုန်းက သွားခဲ့သလဲ။
- အဲဒါနဲ့ ပတ်သက်လို့ သင် ဘယ်လိုခံစားခဲ့ရသလဲ။

ပြီးတော့ ဒါနဲ့ ပတ်သက်လို့ သင့်ကို အထင်ကြီးစေတဲ့ အကြောင်းကို ရှင်းပြပေးပါ။

ကဲ ... သည်လောက်ဆိုရင် Speaking Part(2)ရဲ့ မေးခွန်းသဘောနဲ့ ဖြေဆိုရမယ့် အနေအထားကို မှန်းဆနိုင်ပြီ ထင်ပါတယ်။

ဟ

mgyoe.com

mgyoe.com

IELTS အတွက် ideas(အိုင်ဒီယာတွေ)ကို ပြောဆိုတဲ့အခါ မိတ်ဆက် ပြောဆိုတဲ့ introducing points တွေကို သဘာဝကျကျ ပြောဆိုတတ်ဖို့ လိုပါတယ်။



mgyoe.com

mgyoe.com

## Introducing points in a natural way

သဘာဝကျကျ မိတ်ဆက်စကားပြောဆိုနိုင်ဖို့ အိုင်ဒီယာတွေ ချိတ်ဆက်ဖို့ အောက်ပါအသုံးဝင်တဲ့ expressions တွေကို ကျက်မှတ်ထားသင့်ပါတယ်။ e.g,

(1) **What I like about Yangon is that** it has much more job opportunities than other cities.
ရန်ကုန်မြို့ကို ကျွန်တော် ဘာနှစ်သက်သလဲဆိုတော့ ရန်ကုန်မှာ အခြားမြို့တွေထက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုများပြားစွာရှိခြင်းပါပဲ။

(2) **The reason I like Titanic film is that** it is a true love story of the youth.
တိုင်တင်းနစ်ဇာတ်ကားကို ကျွန်တော် ကြိုက်နှစ်သက်တဲ့အကြောင်းအရင်းကတော့ လူငယ်တွေရဲ့ စစ်မှန်တဲ့ ချစ်ခြင်းဖွဲ့ ဇာတ်လမ်းဖြစ်လို့ပါပဲ။

(3) **One of the problems with university is that** there is so much reading to do.
တက္ကသိုလ်ရဲ့ ပြဿနာတစ်ခုကတော့ အဲဒီမှာ ဖတ်စရာအများကြီးရှိနေလို့ပါပဲ။

(4) **One of the good things about swimming is that** it exercises all the muscles in your body.

mgyoe.com

mgyoe.com

ရေကူးခြင်းနဲ့ပတ်သက်တဲ့ ကောင်းတဲ့အရာတစ်ခုကတော့ ၎င်းက သင့်ခန္ဓာကိုယ်ရှိ ကြွက်သားအားလုံးကို လေ့ကျင့်ပေးပါတယ်။

(5) **What I enjoy about surfing the internet is that it porvides a lot of useful information.**

အင်တာနက်မှာ လှိုင်းစီးသလိုမျိုး ကျွန်တော် ပျော်ရွှင်မိတာကတော့ အင်တာနက်က အသုံးဝင်တဲ့အသင်းအချက်အလက် အများကြီးပေးလို့ပါပဲ။

## Vocabulary for your talk

သင့်ပြောဆိုမှုအတွက် vocabulary ကို လိုအပ်သလို စကားလုံးလှလှနဲ့ ရွေးချယ်ပြောဆိုတတ်ဖို့ လိုအပ်ပါတယ်။

e.g, I really admire my father.

ကျွန်တော့်အဖေကို ကျွန်တော် တကယ်သဘောကျတယ်။ အဲဒီလိုပြောတာနဲ့ same meaning သက်ရောက်တဲ့ အောက်ပါဝါကျကို ပြောကြည့်ပါ။

I have great admiration on for my father.

ကျွန်တော်ဟာ ကျွန်တော့်အဖေအပေါ်မှာ ကြီးမားတဲ့ နှစ်သက်သဘောကျမှုတွေ ရှိတယ်။

## ➔ Vocabulary : Using in the correct form

ဝေါဟာရ(မှန်ကန်တဲ့ပုံစံနဲ့ စကားလုံးများ အသုံးပြုခြင်း)

အောက်မှာ ပြထားတဲ့ (a) ဝါကျနဲ့ (b) ဝါကျကို နှိုင်းယှဉ်ကြည့်ပါ။ အဓိပ္ပာယ် အတူတူပါပဲ။ ဒါပေမဲ့ (b) ဝါကျနဲ့ ပြောနိုင်ရင် ပိုကောင်းပါလိမ့်မယ်။

1. (a) He used to enjoy his work.
   (b) He used to get a lot of enjoyment from his work.
   သူ့အလုပ်မှာ ပျော်ရွှင်မှုအများကြီး သူ ရလေ့ရှိတယ်။
2. (a) I am pleased with what I have achieved at college.
   (b) I'm pleased with my achievements at college.

mgyoe.com

ကောလိပ်မှာ ကျွန်တော့်ရဲ့အောင်မြင်မှုတွေနဲ့ ကျွန်တော် ကျေနပ် နှစ်သက်မိပါတယ်။

3. (a) I believe that to succeed you need to work hard.

(b) I believe that success comes from hard work.

အလုပ်ကြိုးစားခြင်းမှ အောင်မြင်မှု ရရှိလာတယ်ဆိုတာ ကျွန်တော် ယုံကြည်တယ်။

4. (a) I respected the way my colleagues handled the problem.

(b) I had great respect for the way my colleagues handled the problem.

ပြဿနာကို ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေ ဖြေရှင်းခဲ့တဲ့နည်းလမ်းအတွက် ကြီးမားတဲ့ လေးစားမှု ကျွန်တော့်မှာ ရှိပါတယ်။

5. (a) Most people benefit tremendously from taking regular exercise.

(b) Regular exercise has tremendous benefits for most people.

ပုံမှန်လေ့ကျင့်ခန်းမှာ လူအများစုအတွက် အလွန်ကြီးမားတဲ့ အကျိုးဖြစ်ထွန်းမှုတွေ ရှိပါတယ်။

(a) I recorded the observations we made on our geography field trip in great detail.

(b) I made a very detail record of the observations we made on our geography field trip.

ပထဝီ ကွင်းဆင်းခရီးမှာ ကျွန်တော်တို့ ပြုလုပ်ခဲ့တဲ့ စူးစမ်းလေ့လာမှုတွေနဲ့ ပတ်သက်တဲ့ အလွန်အသေးစိတ်တဲ့ မှတ်တမ်းတစ်ခုကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

7. (a) Improved transport systems should reduce the amount of time people spend in their cars.

(b) Improved transport systems should lead to a reduction in the amount of time people spend in their cars.

တိုးတက်လာတဲ့ ပို့ဆောင်ရေးစနစ်တွေကို လူတွေရဲ့ကားထဲ

mgyee.com